ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်

**ကြေညာချက် ( ၇ /၂၀၂၀)**

အကြောင်းအရာ။ **ရေယာဉ်များ နှစ်စဉ်သက်တမ်းတိုး စစ်ဆေးခြင်းတို့အတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားများ တင်ပြရန် ကိစ္စ**

ရေယာဉ်တည်ဆောက်ခြင်းနှင့် ပြေးဆွဲသည့် လုပ်ငန်းများအပေါ် အခွန်ကောက်ခံရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြစာအရ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများအပြည့်အဝ ကောက်ခံရရှိစေရေးအတွက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ ညွှန်ကြားချက်များနှင့်အညီ ရေယာဉ်များ အခွန်ကိစ္စဆောင်ရွက်ပြီးစီးကြောင်း အထောက်အထား တင်ပြနိုင်မှသာ တိုင်းတာစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရေးကိစ္စ နှင့်ပတ်သက်၍ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ဆွေးနွေးညှိနှိုင်းချက်အရ ရေယာဉ်ပိုင်ရှင်များမှ ရေယာဉ်များ နှစ်စဉ်သက်တမ်းတိုး တိုင်းတာစစ်ဆေးမှုခံယူရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရာတွင် (၁-၅-၂၀၂၀) ရက်နေ့မှစ၍ ယခင်တင်ပြလျှက်ရှိသော အထောက်အထားများအပြင် အောက်ဖော်ပြပါ အထောက်အထားများကိုပါ ပူးတွဲ တင်ပြရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

(က) ပြီးခဲ့သော နှစ်က အသစ်တည်ဆောက်ခြင်း၊ ရေယာဉ်ကိုယ်ထည် တိုးချဲ့ဆောက်ခြင်း၊ ပိုင်ရှင်အမည်ပြောင်းခြင်း စသည့် ရေယာဉ်များအတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပုံစံ၊ နှင့်

(ခ) ပြီးခဲ့သောနှစ်ကလုပ်ငန်းဆောင်ရွက်မှုအတွက်အခွန်ပေးဆောင်ပြီးကြောင်းအထောက်အထား ပုံစံ။

30/4/20
စိုးနိုင်
ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)

**ဖြန့်ဝေခြင်း**

ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း

**မိတ္တူကို**

ညွှန်ကြားရေးမှူးချုပ်ရုံး၊
ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)၊
သက်ဆိုင်ရာဌာနခွဲများအားလုံး၊
ရုံးလက်ခံ။